နားလူကျေးရွာ
တန့်ယန်းမြို့နယ်



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉-၂၀၂၀)

(Vllage Development Project)

ပန်ညောင်အုပ်စု၊ နားလူ ကျေးရွာ

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
နားလူကျေးရွာ၊ တန့်ယန်းမြို့နယ်
(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး
တိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	စကားချီး	၄
	နားလူ ကျေးရွာ သယံဇာတပြန်လည်ပုံ၊ တန့်ယန်းမြို့နယ်	၆
	နားလူကျေးရွာ ရာသီခွင်ပြပြက္ခဒိန်၊ တန့်ယန်းမြို့နယ်	၇
	နားလူ ကျေးရွာ နှင့် အဖွဲ့အစည်းချိတ်ဆက်ပြန်လည်ပုံ၊ တန့်ယန်းမြို့နယ်	၈

အပိုင်း(က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။	**တည်နေရာနှင့်ပထဝီဝင် အနေအထား**	၉
၂။	**ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ**	၉
၃။	**လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**	၉
	(က) လူဦးရေဆိုင်ရာအချက်အလက်များ	၉
	(ခ) စီးပွားရေးအခြေအနေ ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၁၀
	(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၁၀
၄။	**ဖွံ့ဖြိုးရေးဆိုင်ရာစိမ်ခန့်ခွဲမှုအခြေအနေ**	၁၀
၅။	**စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ**	၁၁
	(က) သီးနှံစိုက်ပျိုးရေး	၁၁
	(ခ) မွေးမြူရေးလုပ်ငန်း	၁၁
	(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ	၁၁
	(ဃ) ရွှေ့ပြောင်းလုပ်သားများ	၁၁

(ဂ) ကုန်စည်နှင့်ဝန်ဆောင်မှုစျေးကွက် ၁၂
(စ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ ၁၂
၆။ **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** ၁၂
(က) ကျေးလက်သယ်ယူပို့ဆောင်ရေး ၁၂
(ခ) ကျေးရွာမီးလင်းရေး ၁၃
(ဂ) သတင်းနှင့်ဆက်သွယ်ရေး ၁၃
၇။ ပညာရေး ၁၃
၈။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၃
၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၁၄
၁၀။ ကျား/မရေးရာ ကိစ္စရပ်ဆိုင်ရာ ၁၄
၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး ၁၄
၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့်ဘေးကင်းလုံခြုံရေး ၁၄
၁၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ ၁၅

အပိုင်း(ခ)
စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက်အဆိုပြုလွှာ(၁) ၁၆/၁၇/၁၈
နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များစာရင်း ၁၉
နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဧယားများ ၁၉
နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုဧယား ၆၇

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉-၂၀၂၀ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၄၏ ပထမဦးဆုံး သော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုး ရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါ သည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ် နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီ အစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေး ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်း နှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းနှင့် သတင်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါ သည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက် များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ် အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစာပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင် ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး ဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု အခြေပြဓာတ်စာစသည်တို့ကိုအဓိကထားဖော်ပြထားပါသည်။

ဖေဖော်ဝါရီလ ၂၀၂၀ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
နားလူကျေးရွာ
တန့်ယန်းမြို့နယ်

နားလူ ကျေးရွာ
သယံဇာတပြမြေပုံ၊ တန့်ယန်းမြို့နယ်




Scanned with CamScanner

နားလူကျေးရွာ ရာသီခွင်ပြပြကွဒိန်၊ တန့်ယန်းမြို့နယ်

နားလူကျေးရွာ ရာသီခွင်ပြ ပြကွဒိန် ၊ တန့်ယန်း မြို့နယ်

ဒဿဖြစ်ခါပျက်	နေ့	ဖေ	မတ်	ဧပြီ	မေ	ဇွန်	ဇူလိုင်	ဩဂုတ်	စက်	အောက်	နို	ဒီ
ကာသီဥတု												
ခေတ္တပရိဓာက်ဒင်	-	-	-	-	-	ဖိုက်	ဖိုက်	ဖိုက်	ဖိုက်	ဖိုက်	ဖိုက်	ဖိုက်
ဧကန္တဝိဇ္ဇာဂဟကိစ္စ အိမ်သားဥများ တိုင်ဖွဲ့ရှိမှု (များ/ နည်း/ များ)	မရှိ	နည်း	များ	ပရိ	နည်း	မရှိ	နည်း	များ	မရှိ	နည်း	များ	-
ခဲသံးလက်တံ	|||	||		||	||				
ခြေးဝဲဖွဲ့ဖျိစာပ်မှု	-	-	-	-	-	ဖို့အ	ဖို့အ	ဖို့အ	ဖို့အ	-	-	-
ထိန်းသမ္မူဟဲ့မှု	သစ်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	ရှိ	ရှိ	ရှိ
ဆောက်သံ့ဇာ့ဂုဏ်မှု	အသင့်အတင့်	အသင့်အတင့်	ကောင်း	ကောင်း	ကောင်း	အသင့်တင့်	ကောင်းမွန်	ကောင်းမွန်	ကောင်းမွန်	ကောင်းမွန်	ကောင်းမွန်	အသင့်တင့်
တိုက်ဆိုင်မှုနှိုင်းခြားဂုဏ်မှု	-	-	-	-	-	-	-	-	-	-	-	-
တိုက်ဆိုင်မှုမှ ကောက်ကျစ်ကြောက်မှု	-	-	-	-	-	-	-	-	-	-	-	-
ကျန်းမာရေးခြင်္ဂဇာန်	သင့်	သင့်	သင့်	သင့်	သင့်	ကောင်း	ကောင်း	ကောင်း	သင့်	သင့်	သင့်	သင့်
သီးနှံမိုးမျှော်ကျောင်ကြကောက်မှု	-	-	-	-	-	-	-	-	-	-	-	-
မှတ်တော်			ဆွမ်းခံနံဖြစ်	သင်္ကြန်						သီဟိုဠ်ကွာ	ကဆုန်	
သဘာဝစားခြင်္ကာကျော်						ကောလိုက်	ကောလိုက်	ဖိုး ဖြို့				

CS Scanned with CamScanner



Scanned with CamScanner

အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

နားလူကျေးရွာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ တန့်ယန်းမြို့နယ်၊ ပန်ညောင် ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာဖြစ်ပါသည်။ နားလူကျေးရွာသည် တန့်ယန်းမြို့နှင့်(၃၆)မိုင်အကွာတွင် တည်ရှိပါသည်။ ကျေးရွာသည် တောင်ကုန်းများ၏ အလယ် မြေပြန့်တွင်တည်ရှိပါသည်။ ကျေးရွာတွင် အဓိကအားဖြင့် စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်ကာ အသက်မွေးဝမ်းကျောင်းမှုပြုပါသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်မှာ လက်မ ၄၀ မှ ၈၀ ထိရှိပြီး စိုက်ပျိုးရေးအတွက် အသင့်အတင့် အထောက်အကူပြုပါသည်။ ကျေးရွာတည်ရှိရာ မြေပြန့် ပိုင်းတွင် လယ်မြေအချို့စိုက်ပျိုးလျက်ရှိပါသည်။ ကျေးရွာထွက်ကုန်များဖြစ်သော စပါးနှင့်ပြောင်းများကို မန်ပန် ကျေးရွာနှင့်မန်ကတ်ကျေးရွာ စျေးကွက်သို့ တင်ပို့ရောင်းချပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နားလူကျေးရွာ၏ ရာသီဥတုနေအထားမှာ အေးမြစိုစွတ်သောရာသီဥတုဖြစ်ပါသည်။ ကျေးရွာ၏ စိုက်ပျိုးနိုင်သော ဧကမှာ(၁၇၁)ဧကရှိပါသည်။ ယာမြေ/တောင်ယာမြေ လုပ်ကိုင်သူများပြား ပါသည်။ မြေဆီလွှာအရည်အသွေး အသင့်အတင့်ကောင်းမွန်သော်လည်း ခါတ်မြေဩဇာအနည်းငယ် ထည့်ဝင် စိုက်ပျိုးလျက်ရှိပါသည်။ ကျေးရွာတွင် သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင် များ) အနည်းငယ်မျှသာတွေ့ရှိနိုင်ပါသည်။ သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) မှာ တောတောင်များတွင် ပေါက်ရောက်နေသောကြောင့် အသုံးချနိုင်မှုအနည်းငယ်ခက်ခဲပါသည်။ စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိကအားထား စိုက်ပျိုးလျက်ရှိပါသည်။ ကျေးရွာသောက်သုံးရေ အတွက် စိမ့်စိမ်းရေထွက်မှရေကို သွယ်ယူအသုံးပြုလျက်ရှိပါသည်။ ရာသီဥတုသင့်တင့်မျှတသော ကြောင့် စိုက်ပျိုးရေးကောင်းမွန်စွာဖြစ်ထွန်းပါသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

နားလူကျေးရွာတွင် အိမ်ထောင်စုပေါင်း(၆၀)စုရှိပြီး ရှမ်းလူမျိုးများသာ စုပေါင်းနေထိုင်ကြပါသည်။ လူဦးရေစုစုပေါင်း(၂၇၈)ဦးဖြစ်ပြီး ပျမ်းမျှအိမ်ထောင်စုတစ်စုလျှင် (၅.၂၆) ဦးရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှ(၅)ဦးထက် အနည်းငယ်ပိုပါသည်။ ကျေးရွာတွင် တစ်နှစ်အောက်နို့စို့အရွယ်ကလေး ကျား(၇)ဦး၊ မ(၆)ဦး၊ ၅နှစ်အောက်ကလေး ကျား(၁၂)ဦး၊ မ(၁၄)ဦး၊ မူလတန်းကျောင်းသားအရွယ် ၅နှစ်မှ ၉နှစ် ကျား(၂၃)ဦး၊ မ(၂၃)ဦး၊ အလယ်တန်းကျောင်းသားအရွယ် ၁၀နှစ်မှ ၁၄နှစ် ကျား(၁၀)ဦး၊ မ(၃၄)ဦး၊ အလုပ်လုပ်နိုင်သောအရွယ် ၁၅နှစ်မှ ၆၄နှစ် ကျား(၁၀၄)ဦး၊ မ(၁၁၀)ဦး

နှင့် သက်ကြီးရွယ်အို ကျား(၁၂)ဦး၊ မ(၁၈)ဦး ရှိပါသည်။ ကလေးများအားလုံး အသက်(၆)နှစ်ပြည့်လျှင် မူလတန်းပညာကိုသင်ယူကြပါသည်။ ကျေးရွာလူဦးရေ စုစုပေါင်း၏ (၇၅%)မှာ အလုပ်လုပ်ကိုင်နိုင်သောအရွယ်ဖြစ်ပါသည်။ အလုပ်လုပ် နိုင်သောလူဦးရေမှာ အမျိုးသားဦးရေထက် အမျိုးသမီးဦးရေမှာ အနည်းငယ်ပိုပါသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ အချို့အိမ်ထောင်စုများမှာ မိသားစုဝင်ငွေမှာ စားဝတ်နေရေးအတွက် အဆင်ပြေပြီး အချို့သော အိမ်ထောင်စုများမှာ မိသားစု လောက်ငယုံဝင်ငွေသာ ရရှိကြပါသည်။ အိမ်ထောင်စုအလိုက် ဓနအဆင့် သတ်မှတ်မှုများတွင် အိမ်ထောင်စုအားလုံး၏ (၂၀%)သည် အလွန်ဆင်းရဲသော အိမ်ထောင်စုအဖြစ် ခံယူကြပြီး (၆၀%)မှာ အလယ်အလတ်အဆင့်သာရှိကြောင်း ကောက်ယူရရှိပါသည်။ ကျေးရွာတွင်းတွင် ကိုယ်စီကိုယ်ငှမြေယာပိုင်ဆိုင်မှုရှိကြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ လုပ်ကိုင်အသက်မွေးဝမ်းကျောင်းပြုလျက်ရှိပါသည်။ အိမ်ထောင်စုအားလုံးမြေယာပိုင်ဆိုင်မှု ရှိကြပြီး စိုက်ပျိုးရေးကို အဓိကထားဆောင်ရွက်ကြပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျွန်ုပ်တို့ကျေးရွာတွင် ဆင်းရဲသားတောင်သူအများစု နေထိုင်ပြီး ရာသီအလိုက် စပါးနှင့် ပြောင်းတို့ကို စိုက်ပျိုးကြပြီး မြေယာမဲ့မိသားစုများမှာ နေ့စားအငှားလိုက်ခြင်းဖြင့် လုပ်ကိုင်ရှာဖွေကြပါသည်။ အကြွေးတင်ရှိမှုငွေပမာဏတွင် စစ်တမ်း ကောက်ယူထားရှိသော အိမ်ထောင်စုများတွင် ချေးငွေကျပ် (၁)သိန်းမှ ကျပ်(၁၀)သိန်းအထိ အကြွေး တင်ရှိကြောင်းနှင့် အများစုမှာဆွေမျိုးနှင့် ငွေတိုးချေးယူခြင်းကြပြီး အဓိကအားဖြင့် အစားအစာ စားသုံးရန်အတွက်နှင့် လုပ်ငန်းအတွက် ရင်းနှီးမြုပ်နှံရန် ချေးယူကြခြင်းဖြစ်ပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများမှာ ဆယ်အိမ်မှူးအဖွဲ့၊ ဟိန်းမေတ္တာအဖွဲ့၊ ကော်မတီအဖွဲ့၊ လူငယ်အဖွဲ့များရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင်းရှိ လူထုအခြေပြုဖွံ့ဖြိုးရေးအဖွဲ့သည် ကျေးရွာ၏ဘက်စုံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရေး အတွက် ဆော်ဩပေးခြင်း၊ စည်းရုံးခြင်းများ အခါအားလျော်စွာ ကူညီဆောင်ရွက်ပေးပါသည်။ ကျေးရွာတွင်းအဖွဲ့များသည် ရပ်ရွာအကျိုးများကို ရွာသူ/သားများနှင့်အတူ အားတက်သရော ဆောင်ရွက်ကြပါသည်။ သာရေး/နာရေး ကိစ္စရပ်များရှိပါက ရွာလုံးကျွတ်စုပေါင်းပါဝင်ဆောင်ရွက် ကြပါသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

နားလူကျေးရွာသည် စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်သောကျေးရွာဖြစ်ပါသည်။ စိုက်ပျိုးမြေကေပေါင်း(၁၇၁)ကေရှိပါသည်။ အဓိကစိုက်ပျိုးသီးနှံမှာ ပြောင်းနှင့် စပါးများ စိုက်ပျိုးကြ

ပါသည်။ စပါးနှင့် ပြောင်းတို့ကို သဘာဝမိုးရေနှင့် စိမ့်စမ်းရေသွယ်ယူ၍သာ အဓိကစိုက်ပျိုးကြပါ သည်။ ကျေးရွာတွင်း စိုက်ပျိုးရေးအထောက်အကူပြုစက်ပစ္စည်းပိုင်ဆိုင်မှု နည်းသောကြောင့် ထွန်ယက်စိုက်ပျိုး ရိတ်သိမ်းရာတွင် နှောင့်နှေးမှုအချို့ရှိပါသည်။ တစ်ခါတစ်ရံ မိုးရွာသွန်းမှုများသောကြောင့် သီးနှံအထွက် နည်းကြောင်းတွေ့ရတတ်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ရွာတွင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူနည်းပါးပြီး ကျွဲ၊ နွား၊ ဝက်၊ ကြက်တို့ကို တစ်ပိုင်တနိုင် မွေးမြူထားရှိသော အိမ်ထောင်စုသည် မွေးမြူရေးလုပ်ငန်းဖြင့် အဓိက အသက်မွေးဝမ်းကျောင်းပြုသူ မရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာလူထုအနေဖြင့် မွေးမြူရေးဆိုင်ရာ အသိပညာဗဟုသုတ နည်းပါး ခြင်းနှင့် ငွေကြေးအခက်အခဲသည် အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် တိုးချဲ့ ဆောင်ရွက်ရန် အဓိက အဟန့်အတားဖြစ်ကြောင်း သုံးသပ်ရပါသည်။ ကျေးရွာတွင် မွေးမြူရေး လုပ်ငန်းလုပ်ကိုင်ရန် အဆင်ပြေမှုရှိနိုင်သော်လည်း မိရိုးဖလာစိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင်အသက်မွေးဝမ်းကျောင်းမှု ပြုကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုအသေးစားကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိ ပါ။စိုက်ပျိုးရေးရာသီတွင်သာ အလုပ်အကိုင် အခွင့်အလမ်းရှိပြီး ကျန်အချိန် များတွင်မူ အလုပ်အကိုင် နှင့် ဝင်ငွေနည်းပါးကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် လူငယ်၊ လူရွယ် များသည် ကျေးရွာ၏ (၃၀%) ခန့်သာရှိသည်။ ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အင်းအားတစ်ရပ် ဖြစ်ကြောင်း တွေ့ရှိပါသည်။ လက်သမားနှင့်ပန်းရံလုပ်ကိုင်သူအချို့ ရှိသော်လည်း အမြဲတစေလုပ်ကိုင် ခြင်းမျိုးမဟုတ်ဘဲ စိုက်ပျိုးရေးရာသီကုန်ဆုံးမှသာ လုပ်ကိုင်ခြင်းဖြစ်ပါသည်။

(ဃ) ရွှေ့ပြောင်းလုပ်သားများ

ပြည်တွင်းနှင့် ပြည်ပ သွားလာသူများသည် အခြားမြို့များတွင် စားဝတ်နေရေးအတွက် သွားရောက်အလုပ်လုပ်ကိုင်နေကြသူများဖြစ်ပြီး ၎င်းတို့ပြန်ပို့ငွေများအပေါ်မှီခိုနေသော အိမ်ထောင်စု များမရှိပေ။ လစဉ်ငွေပို့နိုင်ခြင်းမရှိဘဲ တစ်နှစ်(၂)ကြိမ်ခန့်သာ မိသားစုထံ ငွေပို့ပေးကြကြောင်းသိရှိရပါ သည်။

(င) ကုန်စည်နှင့် ဝန်ဆောင်မှုဈေးကွက်

နားလူကျေးရွာနှင့် အနီးဆုံးဈေးဖြစ်သော မန်ပန်ကျေးရွာဈေးနှင့်မန်ကတ်ကျေးရွာဈေးသို့ သွားရန် (၂၀)မိုင်ခန့် ကွာဝေးသောကြောင့် ကုန်စည်နှင့် ဝန်ဆောင်မှုနှင့် ဈေးကွက်လက်လှမ်းမီမှုအခြေ အနေ ကောင်းမွန်ပါသည်။

(စ) ဘဏ်နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာတွင်းတောင်သူများသည် အများအားဖြင့် ပွဲစားများထံမှ ကြိုတင်ငွေရယူကာ စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ ဆွေမျိုးသားချင်းများထံမှ နားလည်မှုဖြင့် ချေးယူထားမှုများလည်း တွေ့ရှိရတတ်ပါသည်။

ချေးငွေချေးယူရခြင်း၏ အဓိကအကြောင်းအရင်းမှာ စားနပ်ရိက္ခာလုံလောက်မှုမရှိခြင်း၊လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် ရင်းနှီးငွေလိုအပ်ခြင်းတို့ဖြစ်ကြောင်း တွေ့ရှိရသည်။ ကျေးရွာတွင်း အကြွေးတင်ရှိမှုစစ်တမ်းကောက်ယူမှုအရ ဆင်းရဲနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စုများအားလုံး ကြွေးမှီတင်ရှိကြပြီး အနည်းဆုံး အကြွေး (၁)သိန်းကျပ် မှ အများဆုံး (၁၀)သိန်းကျပ်အထိ ရှိကြောင်းတွေ့ရှိရပါသည်။ အိမ်ထောင်စုအများစုမှာ (၁)သိန်း မှ (၅)သိန်းကြား အကြွေးတင်ရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ထုတ်ချေးပေးခြင်း မရှိကြောင်းတွေ့ရှိရပါသည်။

၆။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှု

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေးယာဉ်များအဖြစ် မော်တော်ဆိုင်ကယ်၊ ကား အသုံးပြုနေကြကြောင်း လေ့လာတွေ့ရှိရပါသည်။ ရွာတွင်းလမ်းသည် မိုးရေကြောင့် လမ်းချော်ခြင်း၊ လမ်းများပျက်စီးခြင်းများကြောင့် အခက်အခဲများ နှစ်စဉ်တွေ့ရပါသည်။ ကျေးရွာတွင် မြစ်များ၊ ချောင်းများ မရှိသောကြောင့် တံတားများမရှိပေ။

(ခ) ကျေးရွာမီးလင်းရေး

၂၀၂၁ခုနှစ်ထိ လျှပ်စစ်မီးမရသောကျေးရွာဖြစ်ပါသည်။ အိမ်ထောင်စုအားလုံး ၏ (၉၀%)သည် ဆိုလာအသုံးပြုကြပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် MPT ဖုန်းလိုင်းသာမိသဖြင့် ဆက်သွယ်ရေး အခက်အခဲများ ရှိပါသည်။

၇။ ပညာရေး

ကျေးရွာတွင် စာမတတ်သူဦးရေပိုမိုများပြားပါသည်။ မူလတတန်းနှင့် အလယ်တန်းအဆင့်ထိ သာတက်ရောက်ကြပါသည်။ မိဘများ၏ ပညာရေးအားပေးမှုအားနည်းသောကြောင့်သော်လည်း

ကောင်း၊ စားဝတ်နေရေးအဆင်မပြေမှုကြောင့်သော်လည်းကောင်း၊ ပတ်ဝန်းကျင်၏လက်တွဲကူညီ အားပေးမှုအားနည်းခြင်းကြောင့်သော်လည်းကောင်း အဆင့်မြင့်ပညာရေးကို မသင်ကြားနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျောင်းသားမိဘများသည် မိသားစုစားဝတ်နေရေးအတွက် ရုန်းကန်လှုပ်ရှား နေရသည့်အတွက် သားသမီးများ၏ ပညာရေးကို မကြည့်ရှုနိုင်ပေ။ ကျောင်းသားကျောင်းသူများသည် မူလတန်းပညာသင်ယူပြီးပါက မိဘများနှင့်တူ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ နားလူ ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းရှိပါသည်။ အချို့အထက်တန်း၊ အလယ်တန်း ကျောင်းသား များအနေဖြင့် မန်ကတ်ကျေးရွာနှင့် မန်ပန်ကျေးရွာအ.ထ.ကကျောင်းတွင် ပညာသင်ကြားကြပါသည်။

၈။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

နားလူကျေးရွာသည် အခြားကူးစက်နိုင်သောရောဂါများမရှိသော ကျေးရွာဖြစ်ပါသည်။ သို့သော် လည်း ရာသီအလိုက်ဖြစ်တတ်သော အဖျားရောဂါ၊ ဆီးချိုနှင့် သွေးတိုးစသည့်ရောဂါများမှာ ဖြစ်ပွားမှု များပြားကြောင်း လေ့လာတွေ့ရှိရပါသည်။

နွေရာသီတွင် သန့်ရှင်းသောသောက်သုံးရေကို စိမ့်စမ်းရေမှ ရရှိပါသည်။ အရည်အသွေးစမ်းသပ် စစ်ဆေးထားခြင်းများ မရှိပါ။

အိမ်ထောင်စုအများစုမှာ တွင်းအိမ်သာများကိုသာ အသုံးပြုနေဆဲဖြစ်ပြီး အိမ်ထောင်စု၏ (၈၀%) အထိ ရှိပါသည်။ ကျန် (၂၀%)မှာ ယင်လုံရေလောင်းအိမ်သာကိုသာ အသုံးပြုကြပါသည်။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

နားလူ ကျေးရွာသည် စိုက်ပျိုးရေးကိုလုပ်ကိုင်သောကျေးရွာဖြစ်သောကြောင့်စိုက်ပျိုး သည့်အချိန် တွင် အထွက်နှုန်းတိုးရန်အတွက် ဓါတ်မြေဩဇာများကို တစ်နှစ်ထက်တစ်နှစ်ပို၍ ထည့်သုံး ရပါသည်။ ထို့ကြောင့် မြေဆီဩဇာသည် အလွန်ပင်ပျက်စီးပါသည်။ ကျေးရွာတွင် သစ်တောသစ်ပင်မပြုန်းတီးအောင် နှစ်စဉ်နှစ်တိုင်း အပင်ငယ်များ စိုက်ပျိုးခြင်းမရှိပါ။ ကျေးရွာတွင် ဖျက်ပိုးနှင့် ရောဂါ ကာကွယ်ထိန်းချုပ်မှု ကို လေ့လာသင်ယူသည့်သူမရှိသလောက်နည်းပါးပါသည်။ ကျေးရွာတွင်း အမှိုက်သရိုက်များကိုစု၍ ရွာပြင်ထုတ်ကာ မီးရှို့ဖျက်ဆီးကြပါသည်။ အမှိုက်သရိုက်များကို စနစ်တကျကျင်းတူးပြီး စွန့်ပစ်သည့် အလေ့အထများမရှိပါ။

၁၀။ ကျား၊ မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာအတွင်း ကျား-မရေးရာကိစ္စဆိုင်ရာ အခြေအနေမှာ လွတ်လပ်မှုရှိသည်။ ကျေးရွာတွင်းရှိ သာရေး၊ နာရေး ကိစ္စရပ်များအား ရွာလုံးကျွတ်ဝိုင်းဝန်းပူးပေါင်းလုပ်ကိုင် ဆောင်ရွက်ကြပြီး ခွဲခြား ဆက်ဆံခြင်းမျိုးများ မရှိကြောင်းတွေ့ရှိရပါသည်။ ထို့ကြောင့် ယေဘုယျ အခြေအနေ သုံးသပ်ရပါက ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာ အမျိုးသားနှင့် အမျိုးသမီး တန်းတူ အခွင့်အရေးရရှိကြောင်း

တွေ့ရပါသည်။ သို့သော် ကျေးရွာတွင်း နေ့စားလုပ်အားခ ပေးချေမှုများတွင်မူ အမျိုးသားများက ပိုမိုရရှိကြောင်းသိရပါသည်။ ရွာ၏အုပ်ချုပ်သူ ရွာသူကြီး အမျိုးသားဖြစ်ပါသည်။ ကျား-မရေးရာ တန်းတူအခွင့်အရေးရရှိသောကျေးရွာ တစ်ရွာဖြစ်ပါသည်။

၁၁။ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ကျေးရွာတွင် လူငယ်လူရွယ်များအပန်းဖြေအနားယူရန် ဘောလုံးကွင်း၊ ခြင်းကွင်း၊ စာကြည့်တိုက်များ မရှိပေ။ လူငယ်လူရွယ်အများစုသည် ကျေးရွာ၏သဘောသဘာဝအရ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာတွင် လူကုန်ကူးမှု၊ ရာဇဝတ်မှုများဖြစ်ပွားမှုနှင့် အမျိုးသမီးများအား အကြမ်းဖက်မှုများ မရှိပါ။ မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းပါသည်။

၁၃။ ဦးစာပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

စဉ်	စီမံချက်(Project)	ဦးစားပေး အဆင့်	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃
၁	ကွန်ကရစ်တံတားတည်ဆောက်ခြင်း	၁	✓				
၂	ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း	၂		✓			
၃	စိမ့်စမ်းရေသွယ်ယူခြင်း လုပ်ငန်း	၃			✓		
၄	ကျောင်းဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်း	၄				✓	
၅	ဖုန်းတာဝါတိုင်ရရှိရန်ဆောင်ရွက်ခြင်း	၅					✓

အပိုင်း(ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

အပိုင်း(ခ)

စီမံချက်ဆိုင်ရာအချက်အလက်များ

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ(၁)နားလူ ကျေးရွာ

ကျေးရွာ	– နားလူကျေးရွာ
ကျေးရွာအုပ်စု	– ပန်ညောင်ကျေးရွာအုပ်စု
မြို့နယ်	– တန့်ယန်းမြို့နယ်
တိုင်းဒေသကြီး/ပြည်နယ်	– ရှမ်းပြည်နယ်(မြောက်ပိုင်း)
စီမံချက်အမည် – ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း	
စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ • ကျေးရွာတွင် လက်ရှိသုံးစွဲနေသောကွန်ကရစ်တံတားသည် ဆွေးမြေ့ဟောင်းနွမ်းနေသောသစ်သား • တံတားဖြစ်သောကြောင့်သွားလာရန် ခက်ခဲပါသည်။	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်) • လမ်းပန်းဆက်သွယ်ရေးနှင့်ကုန်စည်စီးဆင်းမှုမြှင့်ဆန်စေရန်၊ •	
မျှော်မှန်းအကျိုးရလဒ် **(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ)** • လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လျှင် စီးပွားရေး၊လူမှုရေးနှင့်ကျန်းမာရေးကိစ္စရပ်များဆောင် • ရွက်ရန်ပိုမိုအဆင်ပြေလာပါမည်၊ • ကျေးရွာလည်း ယခင်ကထက်ပိုမိုတိုးတက်လာပါမည်၊	
စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း(ဘာလုပ်မည်၊ ဘယ်လောက်ပမာဏလုပ်ရမည်) • ကွန်ကရစ်တံတားတည်ဆောက်ခြင်း	

စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု(ကျပ်)	**ထည့်ဝင်မည့်အစီအစဉ်**
• ၁၀၀၀၀၀၀၀(ငွေသား) • လုပ်အားကူညီပေးခြင်း •	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	**လူဦးရေ**			**ဆင်းရဲချမ်းသာမှုအဆင့်အတန်း(အိမ်ခြေ)**				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း

ကျေးရွာအဆင့်	၈၈	၁၀၂	၁၉၀	၄	၂၃	၁၂	၅	၄၄
အကျိုးခံစားမည့်သူဦးရေ	၈၈	၁၀၂	၁၉၀	၄	၂၃	၁၂	၅	၄၄
မှတ်ချက်။ ချောင်လည်အဆင့်-၁၊ အလယ်အလတ်အဆင့်-၂၊ ဆင်းရဲ-၃၊ အလွန်ဆင်းရဲ-၄								

စီမံချက်အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း

- နားလူကျေးရွာ တွင်တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် ကျေးရွာ၏ကျွမ်းကျင်လုပ်သားများစုပေါင်းကာ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၂) စီမံချက်စတင်မည့်အချိန် ခန့်မှန်း- ၃-၃-၂၀၂၀

(၃) စီမံချက်ပြီးစီးမည့်အချိန်- ၃၁-၃-၂၀၂၂

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့်အစီအစဉ်-

- ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
- စိမ့်စမ်းရေသွယ်ယူရာတွင် ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။
- လိုအပ်ပါက ပစ္စည်းထည့်ဝင်ပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

- လုပ်ငန်းများကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများအကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှုအလွဲအပြောင်း လုပ်ဆောင်ပါမည်။
- ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျွမ်းကျင်လုပ်သားများအား အလှည့်ကျတာဝန်ဖြင့်လုပ်ငန်းလည်ပတ်ရေး၊ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စီမံချက်အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း

• နားလူကျေးရွာ တွင်တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် ကျေးရွာ၏ကျွမ်းကျင်လုပ်သားများစုပေါင်းကာ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၂) စီမံချက်စတင်မည့်အချိန် ခန့်မှန်း- ၃-၃-၂၀၂၀

(၃) စီမံချက်ပြီးစီးမည့်အချိန်- ၃၁-၃-၂၀၂၂

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့်အစီအစဉ်-

• ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ကျေးရွာလုံးကျတ် အစည်းအဝေးခေါ်ယူပြီး လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။
• စိမ့်စမ်းရေသွယ်ယူရာတွင် ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။
• လိုအပ်ပါက ပစ္စည်းထည့်ဝင်ပါမည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

• လုပ်ငန်းများကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုအား အစည်းအဝေးခေါ်ယူပြီး ဆွေးနွေးတိုင်ပင်ပါမည်။
• လုပ်ငန်းများအကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှုအလွဲအပြောင်း လုပ်ဆောင်ပါမည်။
• ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျွမ်းကျင်လုပ်သားများအား အလှည့်ကျတာဝန်ဖြင့်လုပ်ငန်းလည်ပတ်ရေး၊ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များစာရင်း

ပန်ညောင်ကျေးရွာအုပ်စု၊ နားလူကျေးရွာ

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	မှတ်ချက်
၁	ဦးဆန်ယွေ့	ဦးလုံးစိုင်း	၁၃/တယန(နိုင်)၀၁၀၃၅၉	၆၀	ဥက္ကဋ္ဌ	
၂	စိုင်းထွန်း	လုံးဆန်လှ	၁၃/တယန(နိုင်)၁၀၀၇၇၀	၂၀	အတွင်းရေးမှူး	
၃	စိုင်းအောင်စိန်	ဦးခမ်းလှိုင်အောင်	၁၃/တယန(နိုင်)၀၄၉၀၃၆	၅၄	သေ့ကိုင်-၁	
၄	ဦးဆန်စိုင်း	ဦးလုံးဆု	၁၃/တယန(နိုင်)၀၈၁၆၇၃	၅၄	သေကိုင်-၂	
၅	ဦးစိုင်းထွန်းအောင်	လုံးမူးလိန်	၁၃/တယန(နိုင်)၀၄၉၁၇၉	၃၅	အဖွဲ့ဝင်	
၆	ဒေါ်ပါပိုင်း	ဦးလုံးပန်း	၁၃/တယန(နိုင်)၀၄၉၀၇၂	၅၀	အဖွဲ့ဝင်	
၇	နန်းဖေါင်ခမ်း	လုံးဆော	၁၃/တယန(နိုင်)၀၃၃၉၀၃	၄၁	အဖွဲ့ဝင်	

ဝယ်ယူရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	မှတ်ချက်
၁	စိုင်းထွန်း	လုံးဆန်လှ	၁၃/တယန(နိုင်)၁၀၀၇၇၀	၂၀	အတွင်းရေးမှူး	
၂	ဦးစိုင်းထွန်းအောင်	လုံးမူးလိန်	၁၃/တယန(နိုင်)၀၄၉၁၇၉	၃၅	အဖွဲ့ဝင်	
၃	နန်းဖေါင်ခမ်း	လုံးဆော	၁၃/တယန(နိုင်)၀၃၃၉၀၃	၄၁	အဖွဲ့ဝင်	

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	မသန်စွမ်းသူ အရေအတွက်	
					ကျား	မ
၁ နှစ် အောက်	နို့စို့အရွယ်	၁၀	၃၀	၄၀		
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၀	၆	၁၆		
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၆	၉	၁၅		
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၉	၁၅	၂၄		
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၄၃	၃၇	၈၀		
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၁၀	၅	၁၅		
စုစုပေါင်း		၈၈	၁၀၂	၁၉၀		
စုစုပေါင်း အိမ်ထောင်စု		၄၄				

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင်းအိမ်ထောင်စုပေါင်း(၄၄)စုနှင့်ကျား (၈၈) မ(၁၀၂)လူဦးရေစုစုပေါင်း (၁၉၀) ဦးတို့နေထိုင်လျက်ရှိပြီး နားလူ ကျေးရွာတွင် အဓိကအားဖြင့် ရှမ်းလူမျိုးများ နေထိုင်ကြပါသည် ။ သို့ဖြစ်ပါ၍ ကျေးရွာတွင် မသန်စွမ်းမရှိပါ။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
စိုက်ပျိုးစီးပွား လုပ်ငန်းများ								
၁	လယ်ယာစိုက်ပျိုးရေး							
	ကိုယ်ပိုင်လုပ်ငန်း	၆၃	၁၈၅	၁၅	၁၀၂	၈၃		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၅	၁၂	၃	၃	၉		မြင့် ☐ လတ်☑ နိမ့် ☐
၂	တိရစ္ဆာန် မွေးမြူရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၄	သစ်တောလုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ								
၅	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၆	ထုတ်ကုန်လုပ်ငန်း							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၇	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး							
	ကိုယ်ပိုင်လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၈	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၉	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၀	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၁	လက်လီ- လက်ကား ရောင်းဝယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐နိမ့် ☐
၁၂	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**							
	ကိုယ်ပိုင် လုပ်ငန်း							☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား							
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**							
	ကိုယ်ပိုင်							မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်					အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု	ဦးရေ			
					ကျား	မ		
	လုပ်ငန်း							နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း							မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း							☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ်

လုပ်ကိုင်သူများ”အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ –**“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန်အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၄၄) အိမ်သည် အဓိကလယ်ယာနှင့် တောင်ယာမြေသာ စိုက်ပျိုးဖြစ်ပြီးတစ်ရွာလုံး၏ ဝင်ငွေ အနေအထားမှာ မိသားစုဝင်များစားသောက်ရန် လောက်ရုံမျှသာ ရှိပါသည်။ အများစုမှ လယ်ယာမြေ အနည်းငယ် ပိုင်ဆိုင်ကာ တနိုင်တပိုင်စိုက်ပျိုး လုပ်ကိုင်ကြပါသည် ။

(ခ–၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များပြင်ဆင်ရေး	နေ့စား				
၈	လက်လီ–လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင် လယ်ယာမြေစိုက်ပျိုးရေး လုပ်အားခနှုန်းထားသည့် အများဆုံး ၅၀၀၀နှင့် အနည်းဆုံး၃၀၀၀နှုန်းရှိကြောင်းလေ့လာတွေ့ရှိပါသည်။.....

.....

.....

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်)		
လယ်မြေ	၇၀	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၀၁	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ	၇	ကောင်း ☐	သင့်☐	ညံ့ ☑
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ်မြေလပ်	၄၀	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း		☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။။။ လယ်ဧကမှာ ၇၀ ဧကရှိပြီး တောင်ယာမြေမှာ ၁၀၁ဧကရှိပါသည် ။ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပြီး စပါး ပြောင်း ၊ မြေပဲ ၊ ပဲပုတ်တို့ကို စိုက်ပျိုးကာ အသက်မွေးဝမ်းကျောင်းပြုပါသည်။ ကျေးရွာထွက်ကုန်များဖြစ်သော စပါးနှင့် ပြောင်းဖူးများကို မန်ပန်စျေးကွက်နှင့် မန်ကတ်စျေးသို့ တင်ပို့ရောင်းချပါသည် ။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ကျောက်၊သဲ၊ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐မရှိ ☐	လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☐	☒	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)	များ ☐ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)	များ ☐ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော – အပူပိုင်းသစ်တော	များ ☐ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐
သစ်တော – ဒီရေတောများ	များ ☐ သင့်☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐	လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။။။ သတ္တုနှင့်တွင်းထွက်သယံဇာတများ မရှိပါ။ ကျောက်တောင်အနည်းငယ်နှင့်သဲ၊ ကျောက်စရစ်ချောင်းများရှိသော်လည်း အသုံးပြုရန်ခက်ခဲသည်။နွားများသည် တောတောင်တွင်ရှာဖွေစားသောက်ကြပါသည်။ သဘာဝဆေးဖက်ဝင်အပင်အနည်းငယ်ရှိပါသည်။ရှာဖွေအသုံးပြုရန် ခက်ခဲပါသည်။တောတောင်တွင် သစ်ဥသစ်ဖုများကိုလည်း ရှာဖွေစားသောက်ကြပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိေသာအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်✓	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ✓ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်✓	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း✓	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု				

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။။။ အဓိကစိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိကဝင်ငွေ ဖြစ်ပါသည် ၊ အိမ်ထောင်စု အလိုက် ဓနအဆင့် သတ်မှတ်မှုများတွင် ကျေးရွာ အတွင်းတွင် ကိုယ်ဆီကိုယ်ဌ မြေပိုင်ဆိုင်မှု အနည်းငယ်ရှိကြပြီး အိမ်ထောင်စု (၆၇) စုသာ မြေပိုင်ဆိုင်မှုမရှိကြပဲ နေ့စားအငှားလုပ်ငန်းသားများအနေဖြင့် လုပ်ကိုင်လျက်ရှိပါသည် ။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီ အလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက် ဝမ်းစာဖူလုံမှု	၆	၂	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင် သည့်အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီ အလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)
			ချေးယူ = _____✓_____ လုပ်အားခကြိုယူ = _____
၃လနှင့်ဖြလကြား ဝမ်းစာဖူလုံမှု	၁၀	၃	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____✓____ လုပ်အားခကြိုယူ = _____
ဖြလမှ၁၂လအထိ ဝမ်းစာဖူလုံမှု	၅၁	၁၁	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။
လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင် ဝမ်းစာဖူလုံမှု အိမ်ထောင်စု (၁၀) အိမ်သာ ဝမ်းစာဖူလုံမှုလျော့နည်းသည်ကို တွေ့ရှိရပြီး ကျန်အိမ်ထောင်စု(၃၄) အိမ်ဝမ်းစာဖူလုံမှု အသင့်အတင့်ရှိသည်ကို လေ့လာတွေ့ရှိရပါသည် ။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြစ်နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်			
	အိမ်ထောင်စုအရေအတွက်		

အကြောင်းအရာ	ကျား	မ	ပေါင်း
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု		၂	
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု		၄	
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင် ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်(၄)စုနှင့် မုဆိုးဖို / တစ်ခုလပ်(၄)စုရှိသည်ကို တွေ့ရှိရပါသည်။

.....

.....

.....

.....

(၈-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	မြစ်ရေကြီးမှု						
၂	လျှပ်တပြတ်ရေကြီးခြင်း						
၃	မုန်တိုင်းဒီရေ						
၄	ဆူနာမီ						
၅	တိုင်ဖုန်းမုန်တိုင်း						
၆	လေဆင်နှာမောင်း						
၇	ငလျင်						
၈	အပူလှိုင်း						
၉	စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု						
၁၀	အအေးလှိုင်း						

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ)		
၁၁	မိုးသီးကြွေကျမှု						
၁၂	မိုးခေါင်ခြင်း						
၁၃	တောမီးလောင်ခြင်း						
၁၄	မြစ်ကမ်းပါးပြိုခြင်း						
၁၅	ကမ်းရိုးတန်းတိုက်စားမှု						
၁၆	မြေပြိုခြင်း						
	လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၇	စားနပ်ရိက္ခာမဖူလုံမှု						
၁၈	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ)						
၁၉	မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း						
၂၀	သစ်တောပြုန်းတီးခြင်း						
၂၁	ငှက်ဖျားရောဂါ						
၂၂	တီဘီရောဂါ						
၂၃	ကိုယ်ခံအားကျဆင်းမှုရောဂါ						
၂၄	ကပ်ရောဂါ						
၂၅	ပြည်တွင်းပဋိပက္ခ						
၂၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	✓					
၂၇	လူကုန်ကူးခြင်း						
၂၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည်		✓				

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။

(ဥပမာ-
အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် – နိမ့်
အိမ်ထောင်စု၁၀၀ တွင် ၂၅ မှ ၅၀အိမ်ထောင်စု – လတ်၊
အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင် နွေရာသီအတွင်း တိရစ္ဆာန်များမှာ ခွာနာလျှာနာ ဖြစ်တတ်ပြီး လမ်းပန်းဆက်သွယ်ရေးသည် အသင့်အတင့်ရှိသည့်ကို တွေ့ရှိရပါသည် ။ သို့ဖြစ်ပါ၍ တိရစ္ဆာန်အတွက် တစ်နှစ်တစ်ကြိမ် ကာကွယ်ဆေးများလာရောက်ထိုးနှံပေးနိုင်ပါရန် လိုအပ်ပါကြောင်း စီစစ်တွေ့ရှိရပါသည် ။

(၄-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁	လူငယ်						
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု						
၃	ဆင်းရဲသားတောင်သူ						
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင် နေထိုင်သူ						
၅	ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ						
၆	မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ						
၇	ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP)						
၈	မြေနိမ့်ပိုင်းနေထိုင်သူများ						
၉	ငါးကန်ပိုင်ရှင်များ						

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်)			စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ)		
	သဘာဝဘေးအန္တရာယ်များ	နိမ့်	လတ်	မြင့်	နိမ့်	လတ်	မြင့်
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ						
၁၁	လူနည်းစုလူမျိုးများ						
၁၂	ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ						
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ						
၁၄	ရွှေတွင်းလုပ်သားများ						
၁၅	လှည့်လည်သွားလာ၍စျေးရောင်းသူများ						
၁၆	နေရပ်ပြန်အခြေချသူများ						
၁၇	ရွှေ့ပြောင်းလုပ်သားများ						
၁၈	ကားမောင်းပြီးအသက်မွေးသူများ						

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြ ပါသနည်း။ လေ့လာတွေ့ရှိချက်။။။ နားလူကျေးရွာသည် လူငယ်လူရွယ်များအသင့်အတင့်ရှိပါသည်။ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုအနည်းငယ်ရှိပါသည်။ကျေးရွာတွင်ကိုယ်ပိုင်အိမ်ဖြင့်နေထိုင်ကြပြီး မြေယာမဲ့နေထိုင်သူမရှိပါ။ဆင်းရဲသောတောင်သူအနည်းငယ်ရှိပါသည်။သဘာဝဘေးဆိုးရွားစွာကျရောက်ခြင်းမရှိပါ။ချောင်းဘေးတွင်နေထိုင်သူမရှိပါ။ကျေးရွာတွင် လက်လုပ်လက်စား၊ကျပန်းလုပ်ကိုင်စားသောက်သူအလယ်အလတ်ရှိပါသည်။ကားမောင်းပြီးအသက်မွေးကျောင်းပြုသူအနည်းငယ်ရှိပါသည်။ဆိုင်ကယ်ပြုပြင်ခြင်းလုပ်ငန်းလုပ်ကိုင်သူအနည်းငယ်ရှိပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၁	ဟိန်းမေတ္တာ	၁☑၂☐၃☐				ပညာရေး☐ငွေကြေး☐ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၂	သာရေး/နာရေး	၁☐၂☑၃☐				ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ညံ့☐
၃	ဘာသာရေး/ယဉ်ကျေးမှု	၁☐၂☐၃☑				ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☑ ညံ့☐
၄		၁☐၂☐၃☐				ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☐ ညံ့☐
၅		၁☐၂☐၃☐				ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☐ ညံ့☐
၆		၁☐၂☐၃☐				ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐	ကောင်း☐ သင့်☐ ညံ့☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
			ကျား	မ	ပေါင်း		
၇		၁□၂□၃□				ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး□	ကောင်း□ သင့်□ ညံ့□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။။။ ကျေးရွာအတွင်းတွင် ဟိန်းမေတ္တာငွေစုငွေချေး အဖွဲ့ ၊ လူမှုရေး လုပ်ငန်းဆောင်ရွက်ရန် သာရေးနာရေးအဖွဲ့ ဘာသာရေး /,ယဉ်ကျေးမှုအဖွဲ့များ (၃) ဖွဲ့ရှိပါသည်။ မိမိတို့ ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများမှာ လုပ်ငန်းဆောင်ရွက်မှုအားအကြောင်းပြုပြီး တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည် ။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	ထွေ/အုပ်	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၂	ကျန်းမာရေး	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၃	ကျေးလက်	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၄	နဝတလ	၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၅		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□
၆		၁□၂□၃□၄□၅□၆□၇□	ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ခမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့် ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုးပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များ ဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။ လေ့လာတွေ့ရှိချက်။။။ ကျေးရွာငွေစုငွေချေးအသေးစားလုပ်ငန်း ကျေးရွာတွင်ထားရှိပါသည်။ ကျေးရွာတွင်သာရေး /နာရေး လုပ်ငန်းများပူးပေါင်းဆောင်ရွက်ရန် အမျိုးသား/အမျိုးသမီးလူမှုရေးအသင်းအဖွဲ့များထားရှိပါသည်။နားလူကျေးရွာတွင် ပြင်ပ အဖွဲ့အစည်းကူညီထောက်ပံ့သူ အနည်းငယ်ရှိပါသည်။NAGအဖွဲ့အစည်းမှ ကျေးရွာငွေစုငွေချေးအသေးစားလုပ်ငန်းဖွဲ့စည်းထား ပေးပြီး W.F.Pအဖွဲ့အစည်းမှ ကျောင်းနေရွယ်ကလေးများအား နေ့စဉ်အဟာရမှုန့်ထောက်ပံ့ပေးလျက်ရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့			မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၃၃	၉	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၂၀	၅	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား	၁၀		တောင်သူလတ်
၅	၁၂.၅ဧကအထက်	၁		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုပေါင်း		၆၇	၃	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။။။ မြေယာမဲ့အိမ်ထောင်စုမရှိပါ။ကိုယ်ပိုင်ခြံမြေဖြင့်နေထိုင်ပါသည်။လယ်ယာစပါး၊တောင်ယာစပါး၊ပြောင်းတို့ကိုစိုက်ပျိုးလုပ်ကိုင်ကြပါသည်။အဆင်ပြေသော အိမ်ထောင်စုများသည် လယ်ယာမြေများကို အများဆုံးပိုင်ဆိုင်ထားကြပါသည်။အဆင်မပြေသော အိမ်ထောင်စုသည်လည်းတစ်နိုင်တစ်ပိုင် စိုက်ပျိုးကြပါသည်။အခြားဒေသတွင်လည်း သွားရောက်စိုက်ပျိုးကြပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာ တစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး□ရာသီ အလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□

စဉ်	အရင်းအမြစ်	ရေသောက် (ကော)	ရေရရှိနိုင်မှု		
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ တစ်ခုကိုသာရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာ တစ်ခုကိုသာရွေးရန်)
၂	ရေလွဲဆည်		တစ်နှစ်ပတ်လုံး□ရာသီ အလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၃	မြစ်ရေတင် စီမံကိန်း		တစ်နှစ်ပတ်လုံး□ရာသီ အလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ရာသီ အလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး□ရာသီ အလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၆	လက်ငင်ရေတွင်း		တစ်နှစ်ပတ်လုံး□ရာသီ အလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□
၇	စိမ့်စမ်းရေ	၇၀ကော	တစ်နှစ်ပတ်လုံး□ရာသီ အလိုက်☑ မဖြေဆိုပါ□	ရှိ☑မရှိ□မဖြေဆိုပါ□	လျော့☑တိုး□ အပြောင်းအလဲမရှိ□
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ရာသီ အလိုက်□ မဖြေဆိုပါ□	ရှိ□မရှိ□မဖြေဆိုပါ□	လျော့□တိုး□ အပြောင်းအလဲမရှိ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။
လေ့လာတွေ့ရှိချက်။။။ ကျေးရွာရေအရင်းအမြစ်မှာ မိုးရာသီအတွင်းရေလျှံပြီး ကျန်ရာသီ၌ ပုံမှန်ရေလုံလောက်စွာ အသုံးပြုနိုင်သည်ကို တွေ့ရှိရပါသည် ။ကျေးရွာတွင် တခါတရံတွင် စိမ့်စမ်းရေ/ချောင်းရေကိုသာအသုံးပြုကြပါသည်။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧကအထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်)	အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ			
စပါး	၇၀	၃၀တင်း	၂၀တင်း	၃၅ တင်း				မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
ပြောင်း	၁၀၁							မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□
								မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□	မြင့်□လတ်□နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။။။ နားလူကျေးရွာတွင် တောင်ယာနှင့်လယ်ယာစပါးကိုမေလတွင်စတင်စိုက်ပျိုးကြပြီး အောက်တိုဘာလတွင် ရိတ်သိမ်းပါသည်။လယ်စပါးကိုမေလနှင့် ဇွန်လတွင်စတင်စိုက်ပျိုးကြပြီး အောက်တိုဘာလတွင်ရိတ်သိမ်းကြပါသည်။ လယ်ဧက အနည်းဆုံး(၂၀)ကေထွက်ရှိပြီး အများဆုံး(၃၅)ကေထွက်ရှိပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
ထွန်စက်				

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက်
လက်တွန်းထွန်စက်	၂၀			၄၇အိမ်
အစေ့ချကိရိယာ				
ရိတ်သိမ်းခြွေလှေ့စက်				
ရိတ်သိမ်းစက်				
ခြွေလှေ့စက်				
ရေစုပ်စက်				
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်				

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။
လေ့လာတွေ့ရှိချက်။။။ ကျေးရွာတွင် လက်တွန်းထွန်စက် (၁၀)စီး ရှိပြီး ပုံမှန် လည်ပတ်နိုင်ပြီး ကျန်အိမ်အတွက် တောင်ယာ မြေအတွက်ပါ ဆောင်ရွက်ပေးနိုင်သည်ကို စိစစ်တွေ့ရှိရပါသည် ။အချို့သောတောင်ယာမြေများတွင်လှေကားထစ်စိုက်ပျိုးခြင်းများ စိုက်ပျိုးကြပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)
